CVT
Center for Vocational Training
အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း

# CVT Newsletter




## Content

**A Note from CEO** 2

**Quality Assurance**

- ❖ Swiss Supporter Association မှ ဥက္ကဋ္ဌ အသစ် Mr. Stefan Gregor Vogler ၏မြန်မာပြည်ခရီးစဉ် 3
- ❖ Mr. Heini Portmann ၏ အောက်မေ့ဖွယ် အခမ်းအနား 3
- ❖ AGM Meeting - အသင်းသားစုံညီနှစ်ပတ်လည် အစည်းအဝေး 3
- ❖ အလုပ် အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း အသိအမှတ်ပြုလက်မှတ် 4

**Training Activities**

- ❖ Return of YE4M 4
- ❖ လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး (OSH) သင်တန်း 5
- ❖ အခြေခံအစားအစာ ဘေးကင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အသိပညာသင်တန်း 5
- ❖ နွေရာသီကျောင်းပိတ်ရက် ကာလတိုသင်တန်းများ 5
- ❖ လျှပ်စစ်ကျွမ်းကျင်မှု အတတ်ပညာသင်တန်းများ 6
- ❖ ၂၀၂၃ နှင့် ၂၀၂၄ အတွင်း ဖွင့်လှစ်ပြီး သင်တန်းများ 6

**Testimonials**

- ❖ ကျောင်းသူ ကျောင်းသားများ၏ မှတ်ချက်များ 7

**Strengthening CVT Community**

- ❖ CVT သင်တန်းသားဟောင်းများတွေ့ဆုံပွဲ 8
- ❖ Myint Aung Trasport မှ လှူဒါန်းထောက်ပံ့ခြင်း 9
- ✍ MoU လက်မှတ်ရေးထိုးခြင်း
  - ✍ Labour Asia Training School 9
  - ✍ DynEd Myanmar 9
  - ✍ Myanmar Business Executives Association (MBE) 10
  - ✍ Rotary Club of Yangon (RCY) 10

**Training Information** 11

ISSUE 53 | June 2024

Complimentary

# A Note from CEO




ချစ်ခင်လေးစားရပါသောစာဖတ်ရှုသူများရှင့်-

Center for Vocational Training (CVT) သတင်းလွှာ အပတ်စဉ် (၅၃) ပြန်လည်ထုတ်ဝေခြင်းဖြင့် စာဖတ်သူများနှင့် ပြန်လည် တွေ့ဆုံရခြင်းအတွက် အလွန်ပီတိဖြစ်ပါသည်၊ အားလုံးကို မင်္ဂလာပါလို့ ကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါတယ်၊

ကိုဗစ်ကပ်ရောဂါ မြန်မာနိုင်ငံသို့ ရောက်ရှိချိန်မှစ၍ ယနေ့ချိန်ထိ CVT မှ ဖြတ်သန်းခဲ့သော အဓိက ပြောင်းလဲမှုမှတ်တိုင်များ မျှဝေလိုသောဆန္ဒဖြင့် ဤသတင်းလွှာအား ပြန်လည်ထုတ်ဝေခြင်းဖြစ်ကြောင်း ပဏာမတင်ပြလိုပါသည်၊

## ဖြတ်သန်းခဲ့သော ကာလများနှင့် အတွေ့အကြုံများကို ပြန်လည်သုံးသပ်ဝေမျှခြင်း

အားလုံးသိရှိပြီးခဲ့သည့်အတိုင်း ပြီးခဲ့သည့် နှစ်များအတွင်း မြန်မာနိုင်ငံတွင် လူမှု နိုင်ငံရေး ပြောင်းလဲမှုများနှင့် စီးပွားရေး စိန်ခေါ်မှုများ ဖြစ်ပေါ်ခဲ့ပါသည်၊ ယင်းအခက်အခဲများကို ကျော်လွှားနိုင်စွမ်းရှိသော မြန်မာပြည်သူများ၏စိတ်ဓါတ်တည်ငြိမ်မှု၊ ခံနိုင်ရည်ရှိမှု မှာ အံ့ဩစိတ်ဝင်စားဖွယ် ဖြစ်ခဲ့ရပါသည်၊ ၎င်းနှစ်များအတွင်းကျွန်မတို့ သက်မွေးပညာသင်တန်းကျောင်း CVT သည်လည်း စိန်ခေါ်မှုများစွာကို ကြုံတွေ့ဖြတ်သန်းခဲ့ရပါသည်၊ ကျောင်း၏ နှစ်လမ်းသွား ပညာရေး (Dual Apprenticeship) 2019/20 မှ 2022/23 စာသင်နှစ်အထိ ပညာသင်ကြားနေကြသော ကျောင်းသား/သူ များအား ပနှစ်/ ဒုနှစ်/ တနှစ် အလိုက် စာတွေ့လက်တွေ့သင်တန်းများ ပြီးပြတ်သည်အထိ သင်ကြားပို့ချခဲ့ခြင်း၊ လက်တွဲဆောင်ရွက်ခဲ့သော မိတ်ဖက်ကုမ္ပဏီများအား ၂ကြိမ် စစ်တမ်းကောက်ယူခြင်း၊ မြန်မာပြည်အရပ်ရပ်မှ လက်လှမ်းမမှီသော လူငယ်များအတွက် MPT CSR platform မှတဆင့် သက်မွေးပညာအခြေခံ ဗဟုသုတများကို Online video များဖြင့် အခမဲ့ လေ့လာသင်ယူနိုင်ရန် ဆောင်ရွက်ခဲ့ခြင်းအပြင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းများကို မြန်မာနိုင်ငံရှိ Win OSH နှင့် တွဲဖက်ကာ ဆရာ/မ များနှင့် ကျောင်းသူ/သားများအား ပို့ချသင်ကြားပေးခဲ့ခြင်းများ ပြုလုပ်ခဲ့ပါသည်။ 2023 ခုနှစ်တွင် ပညာရေးဌာန၊ အလုပ်သမား ဝန်ကြီးဌာနနှင့် ချုပ်ဆိုထားသော MOU ကတိကဝတ်များအား သက်တမ်းပြီးဆုံးသည်အထိ အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် အလျောက် ကျောင်းနေရာနှင့် အဆောက်အဦးအား ပြန်လည်အပ်နှံခဲ့ကာ နေရာအသစ်များသို့ ပြောင်းရွှေ့ခြင်းများ လုပ်ဆောင်ခဲ့ရပါသည်။ ထို့နောက် CVT သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီအုပ်ချုပ်ရေး ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် အကျိုးအမြတ်မယူသော လူမှုရေး စီးပွားရေးလုပ်ငန်းအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ယခုအခါ CVT တွင် မြန်မာနိုင်ငံသားရာနှုန်းပြည့်ဖြင့် အသစ်ဖွဲ့စည်းထားသော ဘုတ်အဖွဲ့များ ၊ စီမံခန့်ခွဲသူများ၊ ပညာရှင်များ က ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်၊ ၂၀၂၃ ခုနှစ်ကုန်ခါနီးတွင် CVT နှင့် Swiss Support Association-SSA ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Heini Portmann ဖြစ်သူ တိမ်းပါးသွားပြီး နောက် Mr. Stefan Gregor Vogler မှ SSA ၏ဥက္ကဋ္ဌ အသစ်အဖြစ် တာဝန်ယူဆောင်ရွက်ကာ CVT ကျောင်း ၏ ပါတနာ အဖွဲ့အစည်းအဖြစ် ရပ်တည်လျက် အရည်အသွေးမြင့် သက်မွေးပညာလိုအပ်နေသူများ အတွက် အစီအစဉ်အသစ် များဖြင့် သင်တန်းပုံစံ အသစ်များကို ထိထိရောက်ရောက် စရိတ်မျှပေးပုံစံဖြင့် ပံ့ပိုးပေးလျက်ရှိပါသည်။

## TVET ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် တာဝန်ယူဆောင်ရွက်ရန် လုပ်ဆောင်ခြင်း

CVT သည် မြန်မာနိုင်ငံတွင် ရှေ့ဆက်သွားရမည့် (TVET) နှင့် အလုပ်သင်ပညာရေး ကဏ္ဍ ကို ပုံဖော်ရာတွင် မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်း၍ လူငယ်များအတွက်ခိုင်မာသောအနာဂတ်ကို တည်ဆောက်ခြင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများ ကြား ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ ဖန်တီးပေးခြင်း တို့ ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။ အနာဂတ်တွင် စိန်ခေါ်မှုများ အများအပြား ရှိနေသော်လည်း အခွင့်အလမ်းအသစ်များလည်း ရှိနေပါသည်၊ သက်မွေးပညာတိုးတက်ဖွံ့ဖြိုးမှုအတွက် ပညာရေးတာဝန်များသာမက လူမှု တာဝန်များ ပါ တွဲဖက်၍ နိုင်ငံရှိ အလုပ်လုပ်ကိုင်နိုင်သော လူငယ်၊ လူကြီးများ အတွက်ပါ ဆက်လက်သယ်ပိုး လုပ်ဆောင်နိုင်ရန်ဆုံးဖြတ်ထားသည့် အလျောက် မိတ်ဖက်အဖွဲ့အစည်းများ ၏ သက်မွေးကဏ္ဍအားဆက်လက်ပံ့ပိုးမှုများ အထူးလိုအပ်လျက်ရှိပါသည် ။ CVT အပေါ် နှစ်ရှည် လများသစ္စာရှိမှုအတွက်လည်း များစွာ ကျေးဇူးတင်ပါသည်၊ လာမည့်နှစ်များတွင် လူငယ်များနှင့် TVET ကဏ္ဍအတွက် ရေရှည် တည်တံ့သော ဖွံ့ဖြိုးမှုများ ရရှိစေရန်အတွက် CVT နှင့်အတူ ဆက်လက် ပံ့ပိုးနိုင်ရန် မျှော်လင့်ပါသည်၊ (၆လ) တစ်ကြိမ် သတင်းလွှာများ ပေးပို့ခြင်းဖြင့် မိတ်ဖက်များနှင့် ဆက်လက်ဆက်သွယ်ဆောင်ရွက်သွားပါမည်၊

## Swiss Supporter Association မှ ဥက္ကဋ္ဌအသစ် Mr. Stefan Gregor Vogler ၏ မြန်မာပြည်ခရီးစဉ်

၂၀၂၃ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ၊ Saanen မြို့တွင် ကျင်းပခဲ့သော Swiss Support Association (SSA) ၏ အသင်းသားစုံညီ နှစ်ပတ်လည် အစည်းအဝေး တွင် Mr. Stefan Gregor Vogler အားဥက္ကဋ္ဌ အဖြစ် ရွေးချယ်တင်မြှောက် ခဲ့ပါသည်။ SSA ၏ ဥက္ကဋ္ဌအသစ် Mr. Stefan Gregor Vogler သည် ၂၀၂၃ ဒီဇင်ဘာလ အတွင်း (COVID ကာလအပြီး) ပထမအကြိမ် ခရီးစဉ်အဖြစ် ရန်ကုန်သို့ လာရောက်လည်ပတ်ခဲ့ပါသည်။ ၎င်း၏ ခရီးစဉ် အတွင်း Center for Vocational Training (CVT) နှင့် လက်တွဲဆောင်ရွက် လျက်ရှိသော ပုဂ္ဂလိကလုပ်ငန်းအချို့နှင့် တွေ့ဆုံခြင်း၊ CVT ပြည်တွင်း ဘုတ်အဖွဲ့ဝင် များ နှင့်တွေ့ဆုံခြင်း၊ CVT ပြည်တွင်း အကြံပေးဘုတ်အဖွဲ့ဝင်များ နှင့်တွေ့ဆုံခြင်း၊ ဆရာပေါင်းများနှင့် တွေ့ဆုံခြင်းများ ပြုလုပ်ကာ SSA ရှိ CVT ပေါ်ထားရှိသော ကတိကဝတ်များကိုလည်း အသိပေး ပြောကြားခဲ့ ပါသည်။ သူ၏ခရီးစဉ်ကာလ အတွင်း မြောက်ဒဂုံတွင်ရှိသော CVT သင်တန်းကျောင်း၏ လျှပ်စစ်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲ သို့ လည်း တက်ရောက်ချီးမြှင့် ခဲ့ပါသည်။





Annual General Meeting နှင့် Board အဖွဲ့ဝင်များ

## Mr. Heini Portmann ၏ အောက်မေ့ဖွယ်အခမ်းအနား

Swiss Support Association (SSA) နှင့် Center for Vocational Training Myanmar ၏ ဥက္ကဋ္ဌ ဖြစ်သူ Mr. Heini Portmann သည် ၂၀၁၃ မှ ၂၀၂၃ ထိ (၁၀) နှစ်ကြာ CVT Myanmar အတွက် အခကြေးငွေမယူဘဲ စေတနာ့ဝန်ထမ်း အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၂၃ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံရှိ သူ၏နေအိမ်တွင် လူကြီးရောဂါဖြင့် ဘဝတပါးသို့ ကူးပြောင်းသွားခဲ့ပါသည်။

Mr. Heini Portmann အတွက် အောက်မေ့ဖွယ်အခမ်းအနား ကို ၂၀၂၃ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပခဲ့ကြပါသည်။ Mr. Heini Portmann ၏ မွန်မြတ်သော စေတနာနှင့် ကျေးဇူးတရားများ အား CVT မှ အစဉ်အမြဲ ကျေးဇူးတင်အမှတ်ရနေမည်ဖြစ်ပါသည်။



Mr. Heini Portmann အောက်မေ့ဖွယ်အခမ်းအနား

## AGM Meeting CVT-Center for Vocational Training ၏ အသင်းသားစုံညီနှစ်ပတ်လည် အစည်းအဝေး

Center for Vocational Training -CVT ၏ အသင်းသားစုံညီနှစ်ပတ်လည် အစည်းအဝေးကို ၂၀၂၄ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် သာကေတ မြို့နယ်ရှိ CVT သင်တန်းခန်းမတွင် ကျင်းပခဲ့ပါသည်။ ၎င်းအစည်းအဝေးတွင် ၂၀၂၃ တွင်ဖော်ဆောင်ခဲ့သောလုပ်ငန်းများနဲ့ သင်ခန်းစာများ၊ ၂၀၂၄ တွင်ပြုလုပ်မည့် လုပ်ငန်း အစီအစဉ်များ၊ SSA ၏ CVT ပေါ်ထားရှိသော သဘောထားများကိုတက်ရောက်လာကြသော စီမံအုပ်ချုပ်သူများနှင့် ကော်မတီ တွင် ပါဝင်သူများ ကို အမှုဆောင်အရာရှိချုပ် ဒေါ်ခင်မြတ်စန္ဒာ မှ ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် အဖွဲ့ဝင်အသစ်များ ကို မိတ်ဆက်ခဲ့ပြီး အမှတ်တရ မှတ်တမ်းတင် ဓါတ်ပုံများရိုက်ကူးခဲ့ကြပါသည်။





# အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း အသိအမှတ်ပြုလက်မှတ်

Center for Vocational Training (CVT) သည် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးဥပဒေအရ အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း အသိအမှတ်ပြုလုပ်ငန်းစဉ်များ ကို ၂၀၁၆ မှ ၂၀၂၆ အထိ ၂ နှစ်တစ်ကြိမ်ဖြင့် သက်တမ်းတိုး ခြင်းလုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ထိုသက်တမ်းတိုး အသိ အမှတ်ပြု လက်မှတ်တွင် **လျှပ်စစ်သွယ်တန်းမှုအတတ်ပညာသင်တန်း၊ အစားအသောက် ပြင်ဆင် ချက်ပြုတ်ခြင်းနှင့် တည်ခင်းဧည့်ခံခြင်း သင်တန်း၊ ဧည့်ကြိုနှင့် အိမ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်းများ** အတွက် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းများ ဖွင့်လှစ်ရန် အသိအမှတ်ပြုလက်မှတ်ကို ၂၀၂၆ ထိ သက်တမ်းတိုးရရှိကြောင်း ဖော်ပြပါရှိပါသည်။



သာကေတသင်တန်းကျောင်း



မြောက်ဒဂုံသင်တန်းကျောင်းမှ လျှပ်စစ်သင်တန်းကျောင်း



၂၀၂၄ မှ ၂၀၂၆ ထိ ပဥ္စမအကြိမ် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်

## Training Activities

### Return of YE4M - Young Entrepreneurs for Myanmar

CVT Myanmar အနေဖြင့် စီးပွားရေး နယ်ပယ်အသီးသီးမှ စီးပွားရေးလုပ်ငန်းကို စတင်ရန်နှင့်တိုးချဲ့ရန်အတွက်စိတ်ဝင်စားသည့် လူငယ်လူရွယ်များနှင့် လုပ်ငန်းရှင်များ အတွက်ရည်ရွယ်၍ ၂၀၁၄ မှ ၂၀၁၈ နှစ် အထိ Young Entrepreneurs for Myanmar (YE4M)ကို အကြိမ် ၂၀ထိ ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။ COVID ကာလနောက်ပိုင်း ၂၁ ကြိမ် မြောက် YE4M-Batch 21st ကို သင်တန်းသား ၁၂ ဦး ဖြင့် ၂၀၂၄ ဇန္နဝါရီလ ၂၇ ရက်တွင် CVT နှင့် Pace Forward တို့ ပူးပေါင်းကာ၊ Pace Forward ၏ သင်တန်းခန်းမတွင် ပြန် လည်ဖွင့်လှစ်ခဲ့ပါသည်။ မတ်လ ၂၃ ရက် ၂၀၂၄ တွင် သင်တန်းသားများမှ မိမိတို့၏ Business Plan Presentation များအား အုပ်စု ၃ စု ခွဲ၍ Burma Society (Bar) - မြန်မာ့လူမှုအဖွဲ့ အစည်း (အဖျော် ယမကာအဖွဲ့)၊ BONNY Clothing / BONNY အဝတ် အစား နှင့် အိမ်ရှင်မ စည်သွပ်ဗူးလုပ်ငန်း ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးတင်ပြခဲ့ကြပါသည်။ သင်တန်း ကာလမှာ ၂ လ ကြာမြင့်ခဲ့ပြီးသင်တန်းဆင်းပွဲ ကို ၂၀၂၄ မတ်လ ၃၀ ရက် (စနေနေ့) တွင် SEEDS Restaurant & Lounge ၌ ပြုလုပ်ကျင်းပခဲ့ပါသည်။

ရင်းသင်တန်းအား ပြန်လည်ဖွင့်လှစ် နိုင်ရန်အတွက် တစိုက်မတ်မတ်ကူညီပံ့ပိုး ပေးခဲ့ပြီး သင်တန်းဆင်းပွဲနေ့တွင်လည်း နေရာနှင့် အစားအသောက် များကို ထောက်ပံ့ကူညီ ပေးခဲ့ပါသည့် SEEDS Restaurant & Lounge အား CVT မှ လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။











## လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး (OSH) သင်တန်း

Common OSH (Common Occupational Safety & Health) လုပ်ငန်းခွင် ဘေးအန္တရယ် ကင်းရှင်းရေး နှင့် ကျန်းမာရေး ဆိုင်ရာ အသိပညာ ဗဟုသုတများ ပြန့်ပွားစေရန် ရည်ရွယ်၍Center for Vocational Training(CVT) သင်တန်းကျောင်းရှိသော မြောက်ဒဂုံမြို့နယ်နှင့် သာကေတမြို့နယ်တို့ တွင် သင်တန်းများဖွင့်လှစ်ပို့ချခဲ့ပါသည်။ ၎င်းသင်တန်းများကို Labour Aisa Training Center နှင့် Great Explore Company Limited မှ သင်တန်းသားစုစုပေါင်း ၁၈၀ ဦးခန့်ကို CVT မှ သင်တန်းဆရာများ မှ အပတ်စဉ် - ၄ ခု ခွဲ၍ ၂၀၂၄ ဇန္နဝါရီလမှ မတ်လအတွင်း အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။








## အခြေခံအစားအစာ ဘေးကင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အသိပညာ သင်တန်း

၂၀၂၄ ဇန်နဝါရီလ ၉ ရက်မှ ၁၃ ရက် အတွင်း Center for Vocational Training သင်တန်းကျောင်း မှ Basic Food Safety and Hygiene Knowledge Training သင်တန်းကို The First Harmony Restaurant ရှိ သင်တန်းသား ၂၆ ဦးအား အောင်မြင်စွာဖွင့်လှစ် သင်ကြားပေးခဲ့ပါသည်။




## နွေရာသီကျောင်းပိတ်ရက် ကာလတို သင်တန်းများ

၂၀၂၄ မတ်လနှင့် ဧပြီလအတွင်း သာကေတမြို့နယ်ရှိ CVT သင်တန်းကျောင်းတွင် ကွန်ပျူတာ နှင့် အင်္ဂလိပ်စာအခြေခံ (နွေရာသီ ကာလတို ၂ လ) ကာလတိုသင်တန်းများအား ဖွင့်လှစ်ခဲ့ပါသည်။ ထိုသင်တန်းကို ကျောက်ချောင်းဘုန်းတော်ကြီး စာသင်ကျောင်းမှ ကိုရင်များ၊ သီလရှင်များနှင့် ပြင်ပမှကျောင်းသားလေးများ စုစုပေါင်း ၂၅ ယောက် တက်ရောက်ခဲ့ပြီး ၂၀၂၄ ဧပြီလ ၃၀ ရက်နေ့ တွင် သင်တန်းဆင်းလက်မှတ်များ အားအောင်မြင်စွာ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

၎င်း နွေရာသီအထူးသင်တန်းအတွက် ကုန်ကျစရိတ်များကို U Myat Aung Transport Co., Ltd မှအဓိက ပံ့ပိုးကူညီခဲ့ပါသည်။ ထောက်ပံ့ကူညီ ပေးခဲ့ပါသည့် U Myat Aung Transport Co., Ltd အား CVT မှ လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။




# လျှပ်စစ်ကျွမ်းကျင်မှု အတတ်ပညာသင်တန်းများသင်တန်းဖွင့်လှစ်ခြင်း

Center for Vocational Training နှင့် Labour Asia Training Center တို့ပူးပေါင်း၍ လျှပ်စစ်ကျွမ်းကျင်မှု အသုံးချ လျှပ်စစ်သွယ်တန်းမှုသင်တန်း (1/2024) ကို စာတွေ့ လက်တွေ့ လေ့လာ လိုသူများအတွက် Electrical Installation Course (NSSA Level 1) အဆင့် လေ့ကျင့်သင်ကြားပေးသည့် သင်တန်းကို မြောက်ဒဂုံမြို့နယ်ရှိ CVT သင်တန်းကျောင်းကို ၂၀၂၄ မေလ ၆ ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်ခဲ့ပါသည်။ သင်တန်းတွင် Basic Electrical Safety, Distribution system, Domestic Installation, Earthing System, Rules of House Wiring စသည့် learning topics များဖြင့် သင်ကြားပြသပေးခဲ့ပြီး ၂၀၂၄ မေလ ၂၄ ရက်နေ့တွင် သင်တန်းဆင်းပွဲအား အောင်မြင်စွာကျင်းပခဲ့ပါသည်။









## ၂၀၂၃ နှင့် ၂၀၂၄ အတွင်း ပို့ချပြီး သင်တန်းများ

### 2023

| Sr. | Period | Topics | Target | Beneficiaries |
|---|---|---|---|---|
| 1 | 2022-23 E4Y completion | E4Y Vocational Orientation Program for adolescences | All E4Y students (adolescences) (FOC) | 54 |
| 2 | 2022-23 CVT apprenticeship | CVT 3-year apprenticeship completion | All five professions (FOC) | 81 |
| 3 | Jan 2023 | Occupational Safety and Health to CVT apprentices and ToT | CVT Teachers and Apprentices (FOC) | 100 |
| 4 | Mar - May 2023 | Free Summer English Course | Adolescence (FOC) | 25 |
| 5 | Mar - May 2023 | Free Summer ICT Course | Adolescence (FOC) | 25 |
| 6 | Mar - May 2023 | Free Summer Art & Crafts Course | Adolescence (FOC) | 25 |
| 7 | April - May 2023 | Computer Literacy (Beginner Level) | Youths (FOC) | 12 |
| 8 | May - Jun 2023 | Basic Upcycle Wood Working | Youths (paid students) | 14 |
| 9 | Oct 2023 | Occupational Safety Health ToT_Batch 1 and 2 | Vocational Teachers (FOC) | 50 |
| 10 | | Occupational Safety Health Roll out_Batch 1, 2 and 3 | Youths (FOC) | 73 |
| 11 | Nov - Dec 2023 | Electrician Level 1 & 2 Course | Youths (Paid students) | 10 |
| 12 | Nov - Dec 2023 | Sewing Free Course | Needy girls & women (FOC) | 16 |
| | | **Total** | | **481** |

### 2024 (January to June)

| Sr. | Period | Topics | Target | Beneficiaries |
|---|---|---|---|---|
| 1 | Jan 2024 | Food Safety & Hygiene | Youths | 20 |
| 2 | Mar 2024 | Occupational Safety and Health Batch (1) | Youths | 50 |
| 3 | Mar 2024 | Occupational Safety and Health Batch (2) | Youths | 48 |
| 4 | Mar 2024 | Occupational Safety and Health Batch (3) | Youths | 30 |
| 5 | Mar 2024 | Occupational Safety and Health Batch (4) | Youths | 46 |
| 6 | Jan - Mar 2024 | Young Entrepreneurs for Myanmar (YE4M) | Youths (Paid students) | 12 |
| 7 | Mar - Apr 2024 | Summer courses (ICT,ENG) (Mar-Apl 2024) | Adolescence (FOC) | 25 |
| 8 | Mar - Apr 2024 | Coding/Basic/ Adobe ICT Course (Mar-Apl 2024) | Adolescence (Paid students) | 4 |
| 9 | May 2024 | Electrical Installation Level-1 (May'24) | Youths (Paid students) | 8 |
| | | | **Total** | **243** |

# Testimonials

## YE4M Program မှ ကျောင်းသူ တစ်ဦး မှ ပြောကြားပုံ



ကျွန်မကတော့ CVT မှာ YE4M တက်ရောက်ခွင့်ရခဲ့တဲ့ Theingi Soe ဖြစ်ပါတယ်။

ဆရာ/ဆရာမ များရဲ့သင်ကြားမှုများသည် အလွန်ထိရောက်ပြီး တစ်ဦးချင်းစီက သူတို့သင်ကြားပေးမည့် ဘာသာရပ်ပေါ်တွင် ကျွမ်းကျင်မှုမှာ အလွန်စိတ်ကျေနပ်မှုရစေပါတယ်။ အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်စေပြီး တစ်ဦးနဲ့တစ်ဦး ဗဟုသုတများဆွေးနွေးဖလှယ်ရခြင်းကြောင့်အပြန်အလှန်အကျိုးသက်ရောက်မှုရစေပါတယ်။

သင်တန်းတက်ရောက်ပြီးတဲ့အချိန်မှာတော့ ကိုယ့်ရဲ့ကိုယ်ပိုင်ငန်းကိုစနစ်တကျနဲ့ သေချာအစီအစဉ်တွေချပြီး လုပ်ကိုင်ဖို့အတွက် ကိုယ့်ကိုကိုယ် ပိုပြီးယုံကြည်မှုရှိလာပြီး ပြင်ဆင်ထားသလိုခံစားရပါတယ်။ ကိုယ်ပိုင်လုပ်ငန်းစတင်လုပ်ကိုင်ဖို့ စဉ်းစားနေသူများ အတွက် YE4Mသင်တန်းက အများကြီး အထောက်အကူ ဖြစ်စေပါတယ်။ လုပ်ငန်းတခုလုံးလုပ်ဆောင်လည်ပတ်ရမယ့် Business strategy တခုကို တိတိကျကျရေးဆွဲနိုင်တယ့်အပြင် လုပ်ငန်းလည်ပတ်ရင်းဖြစ်ပေါ်လာနိုင်တဲ့ ပြဿနာများ Potential Risks များကို ဆရာ/ဆရာမများကို သေချာ ဆွေးနွေးသင်ကြားပေးပြီး မိမိလုပ်ကိုင်မယ့် လုပ်ငန်းတခုလုံးရဲ့ သဘောတရားများကို သေချာနားလည်သဘောပေါက်စေရန် လေ့ကျင့်သင်ကြားပေးပါတယ်။ နယ်ပယ်အသီးသီးက မတူညီတဲ့ လုပ်ငန်းအမျိုးအစားတွေကို အဖွဲ့အလိုက် လုပ်ငန်းတခုချင်းဆီအတွက် Business Plan ကို လုပ်ဆောင်ရတာကြောင့် မတူညီတဲ့လုပ်ငန်းသဘောတရားတွေ လေ့လာသိရှိရပြီး ဗဟုသုတများလဲ ရရှိခဲ့ပါတယ်။ သင်တန်းကာလအတွင်း လုပ်ဆောင်ပေးခဲ့တဲ့ လေ့ကျင့်မှုများအတွက်လည်း ကျေးဇူးတင်ရှိပါတယ်။ ထိုအကြောင်းအရာများကြောင့် CVTတွင် YE4M တက်ရောက်ခဲ့ရသည့် အတွက် အလွန်ကျေနပ်မိပါတယ်။

ကိုယ်ပိုင်လုပ်ငန်းစတင်လုပ်ကိုင်မယ့် မျိုးဆက်သစ်လူငယ်လေးတွေအတွက် YE4M ကိုတက်ရောက်ခြင်းဖြင့် ပိုမိုကောင်းမွန်တဲ့ လုပ်ငန်းများရရှိစေရန် စေတနာအပြည့်ဖြင့် အကြံပြုလိုပါသည်။

## Electrical Installation သင်တန်းမှ ကျောင်းသားတစ်ဦးပြောကြားပုံ



မင်္ဂလာပါခင်ဗျာ ကျွန်တော့်နာမည်ကတော့အောင်သူဟန်ပါ။

CVT မှ ဖွင့်လှစ်ခဲ့တဲ့ Electrical Installation Course Batch (1) မှာ တက်ရောက်ခဲ့တဲ့ သင်တန်းသားတွေထဲက တစ်ယောက်ဖြစ်ပါတယ်။ ဒီသင်တန်းက ကျွန်တော့်အတွက် လျှပ်စစ်နဲ့ပတ်သတ်တဲ့ အခြေခံအသိပညာတွေကို စနစ်တကျသိရှိခဲ့ရပြီး လက်တွေ့လုပ်ဆောင်မှု တွေကိုပါ တိုးတက်ပြောင်းလဲစေခဲ့တဲ့ သင်တန်းတစ်ခုလဲဖြစ်ပါတယ်။ သင်ကြားပေးနေတဲ့ ဆရာတွေကလဲ ဝါရင့်အတွေ့ အကြုံရှိဆရာတွေဖြစ်ပြီး လျှပ်စစ်နဲ့ပတ်သတ်တဲ့ သိသင့်သိထိုက်သော စာတွေ၊ လက်တွေ့များကို သင်ထောက်ကူပစ္စည်း စုံစုံလင်လင်နဲ့ လက်တွေ့စမ်းသပ်ပြသ သင်ကြားပေးတဲ့အတွက် နားလည် သဘောပေါက်လွယ်ပြီး လုပ်ငန်းခွင်အတွင်းမှာ ဘေးအန္တရာယ် ကင်းရှင်းစွာနဲ့ နည်းစနစ်တကျ လုပ်ကိုင် တတ်စေခဲ့သည့်အတွက် အလုပ်နဲ့အံဝင်ခွင်ကျပြီး ယုံကြည်မှု ပိုတိုးလာခဲ့ပါတယ်၊ Electrical နဲ့ ပတ်သတ်ပြီး စိတ်ပါဝင်စားမှု ရှိတဲ့သူတွေ တက်ရောက်သင့်တဲ့ သင်တန်းတစ်ခုလဲဖြစ်ပါတယ်၊ CVT မှ ဆရာ/ဆရာမတွေကလဲ သင်တန်း သားတွေအပေါ် မိသားစုသဖွယ် နွေးနွေးထွေးထွေး ဆက်ဆံပြီး လိုအပ်တဲ့အကူအညီတွေလဲပေးတဲ့အတွက် ဝမ်းသာကြည်နူးရပါတယ်၊ သင်တန်း ပြီးတဲ့အခါမှာလဲ သင်တန်းသားတွေအတွက် အလုပ်အကိုင်အခွင့်လမ်းများ ချိတ်ဆက် ပေးခြင်း၊ NSSA (Electrician) စာမေးပွဲ ဝင်ရောက်ဖြေဆိုရန်အတွက် CVT မှ အစစအရာရာ တာဝန်ယူ ဆောင်ရွက်ပေးပါတယ်၊ အခုလို အသက်မွေးမှု ပညာ သင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးတဲ့အတွက်ကြောင့် ကျွန်တော်တို့ လူငယ်တွေအတွက်လဲ သင်တန်း တက်ရောက်သင်ယူပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနိုင်ပါတယ်။ အမှန်တကယ် အကျိုးရှိတဲ့သင်တန်းဖြစ်တဲ့အတွက် တက်ရောက်ကြဖို့လဲ အကြံပြုတိုက်တွန်းချင်ပါတယ်၊ ကျေးဇူး တင်ပါတယ်ခင်ဗျာ၊

## Common Occupational Safety and Health-OSH Course မှ ကျောင်းသူတစ်ဦးပြောကြားပုံ



ကျွန်မကတော့ Center for Vocational Training (CVT) မှာ Common Occupational Safety & Health (OSH) တက်ရောက်ခွင့်ရခဲ့တဲ့ ချိုဇင်ထွန်းထွန်းလွင်ဖြစ်ပါတယ်။ သင်တန်းတစ်လျှောက် ရရှိခဲ့သော တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံများအတွက် CVT အား ကျေးဇူးအထူးတင်ရှိပါတယ်။


သင်ကြားပေးသည့် ဆရာမများ မှာလည်း ဘာသာရပ်အပေါ် ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် သင်ကြားပြသခဲ့ပြီး OSH နှင့်ပတ်သတ်သော ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပေးခဲ့သည့် အတွက် သင်တန်း အား အလွန် စိတ်ဝင်စားစွာဖြင့် လေ့လာသင်ယူခဲ့ရပါတယ်။ OSH နှင့် ပတ်သတ်သောသင်ခန်းစာများကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ လမ်းညွှန်ချက်များအညီ သေချာထိရောက်စွာ သင်ကြားခဲ့ရပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက်မရှိမဖြစ်လိုအပ်သော အကြောင်းအရာများစွာကို သိခွင့်ရခဲ့ပါသည်။ သင်ကြားခဲ့သည့် သင်ခန်းစာများကိုလဲ လက်တွေ့ ပြန်လည် အသုံးပြုနိုင်ရန် အတွက် Group Work များဖြင့် ပျော်ရွှင်စွာ သင်ကြားခဲ့ရပါသည်။ သင်ခန်းစာများအား အပြန်အလှန်ဆွေးနွေးမှုများနှင့် အချင်းချင်းအသိပညာမျှဝေခြင်းတို့ဖြင့် များစွာဗဟုသုတ ရရှိခဲ့ပါသည်။ ထိုအကြောင်းအရာများကြောင့် CVT တွင် OSH Training တက်ရောက်ခွင့် ရခဲ့သည့် အတွက် အလွန်ကျေနပ်မိပါသည်။ ထို့ကြောင့် CVT မှ သင်ကြားပေးနေသည့် Training Program များ ကို တက်ရောက် ခြင်းဖြင့် မိမိတို့၏ ကျွမ်းကျင်မှုနှင့် အသိပညာများ မြှင့်တင်ကြဖို့ အတွက် စေတနာအပြည့်ဖြင့် အကြံပြု လိုပါသည်။

# Strengthening CVT Community

## CVT Alumni Gathering

သင်တန်းသားဟောင်းများတွေ့ဆုံပွဲကို Center for Vocational Training-CVT တွင် တက်ရောက်သင်ကြားခဲ့ကြသော ကျောင်းသူကျောင်းသားဟောင်းများ/ သင်တန်းသားဟောင်းများကို ရဲ့ ၂၀၂၄ ခုနှစ်အတွင်း ပထမအကြိမ် အဖြစ် ဇန်နဝါရီလ ၂၀ ရက် ည ၇:၃၀ မှ ၉:၃၀ ထိ online ဖြင့် ပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ် လူတွေ့ တွေ့ဆုံပွဲလေးကို ၂၃-၃-၂၀၂၄ (စနေနေ့)၊ ကမ္ဘာအေးဘုရားလမ်းထောင့် နှင့် ရွှေဂုံတိုင်လမ်းထောင့် ရှိ ဒဂုံတာဝါတွင် နေ့လည် ၁:၀၀ မှ ၃:၀၀ နာရီထိ ပြုလုပ်ကျင်းပခဲ့ပါသည်။ CVT Alumni Event တွင် တွေ့ဆုံပွဲ ပြုလုပ်ကျင်းပရသည့် ရည်ရွယ်ချက်များ၊ ပြောင်းလဲတိုးတက်လာမှု/ လုပ်ဆောင်မှုများ၊ ပြန်လည်ဖွဲ့စည်းထားသော ကျောင်း၏ စီမံခန့်ခွဲမှုပုံစံများ၊ ပြောင်းလဲဖွင့်လှစ်ထားသော CVT ရုံးခန်း၊ စာသင်ခန်းနှင့် လက်တွေ့သင်တန်းခန်းမ နေရာများ၊ ၂၀၂၃ တွင် ဖွင့်လှစ်ပို့ချခဲ့သော သင်တန်းများအား အသိပေးအကြောင်းကြားခဲ့ပါသည်။

ထို့နောက် ၂၀၂၄ ခုနှစ်အတွင်း ဆက်လက်ဖွင့်လှစ်လျက်ရှိသော သင်တန်းများ၊ CVT ၏ ယခုလုပ်ဆောင်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် ဆက်လျဉ်း၍ ရေရှည် တည်တန့်ခိုင်မြဲသော ကျောင်း၏ဂေဟ စနစ်တွင် CVT ကျောင်းသားဟောင်းများ၏ကဏ္ဍအား အဓိကမဏ္ဍိုင်တစ်ရပ်အနေဖြင့် ပါဝင်လျက် အချင်းချင်း ရေရှည်လက်တွဲလုပ်ဆောင်နိုင်ရန်နှင့် ၂၀၂၅ တွင် CVT Alumni Association / အသင်းအဖွဲ့တရားဝင်ဖွဲ့စည်းနိုင်ရန် ကျောင်းသားဟောင်းများအချင်းချင်းအကြံဆွေးနွေးမှုများပြုလုပ်ခဲ့ကြပါသည်။ တတိယအကြိမ် Alumni Gathering အား လာမည့် ဩဂုတ်လ ၂၀၂၄ တွင်လည်း ထပ်မံပြုလုပ်ဆွေးနွေးသွားရန် ပြုလုပ်ရန် လျာထားခဲ့ကြပါသည်။









## CVT ကို Myint Aung Trasport မှ သိန်း၅၀ လှူဒါန်းခြင်း





ပညာလိုလားပြီး ငွေကြေးမတတ်နိုင်သော လူငယ်လူရွယ်များ၏ ပညာရေးအား ပံ့ပိုးကူညီရန်အတွက် ဦးမြင့်အောင် MD-U Myat Aung Transport Co., Ltd နှင့် ဇနီး ဒေါ်အေးအေးမိုး တို့မှ CVT မှ ကျောင်းသား / ကျောင်းသူများအား ပညာရေး ထောက်ပံ့မှုများကို ပြုလုပ်ရန်အတွက် သိန်း ၅၀ ကျပ် လာရောက် လှူဒါန်းပေးအပ်သွား ပါသည်။ ၎င်းအလှူငွေအား သက်မွေးသင်တန်းတက်ရောက်မည့် သင်တန်းသား (၅၀)ဦးအတွက် လျာထားပြီးထောက်ပံ့ခဲ့ရာ ယခုအချိန်ထိ သင်တန်းသား (၂၆) ဦး အား ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါသည်။ ကူညီပံ့ပိုးပေးသော U Myat Aung Transport Co.,Ltd အား CVT မှ လှိုက်လှဲစွာ ကျေးဇူးတင် ဂုဏ်ပြုအပ်ပါသည်။

# MOU လက်မှတ်ရေးထိုးခြင်း

## Labour Asia Training Center နှင့် MOU လက်မှတ်ရေးထိုးခြင်း



Labour Asia Training Center (LATC) နှင့် Center for Vocational Training (CVT) နှင့်ပူးပေါင်း၍ လူငယ်များနှင့် သက်မွေးကဏ္ဍတိုးတက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းသင်တန်းများ ဖွင့်လှစ်နိုင်ရန် LATC ၏ Managing Director ဦးမောင်မောင်သွင် နှင့် CVT ၏ အမှုဆောင်အရာရှိချုပ် ဒေါ်ခင်မြတ်စန္ဒာ တို့မှ ၂၀၂၃ ဩဂုတ်လ ၉ ရက်နေ့တွင် နားလည်မှုစာချွန်လွှာရေးထိုးခဲ့ပါသည်။

၎င်း MOU အရ LATC ရှိရာ မြောက်ဒဂုံ သင်တန်းနေရာကို CVT ၏ လျှပ်စစ် လက်တွေ့လေ့ကျင့်ရေးခန်းများ၊ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ၊ ဟိုတယ် နှင့် သက်ဆိုင်သော သင်တန်းများ ပူးပေါင်းဖွင့်လှစ်နိုင်ရန် ရည်ရွယ်၍ LATC မှ CVT အား လက်တွေ့သင်တန်းဆောင်နေရာအတွက် အခကြေးငွေ မယူဘဲ မေတ္တာဖြင့် ကူညီပေးခဲ့ပါသည်။ ယခုအခါတွင် လျှပ်စစ်သင်တန်းများ ကို ဒီဇင်ဘာ ၂၀၂၃ မှ ဇူလိုင် ၂၀၂၄ ခုနှစ် အတွင်း ၃ ကြိမ်တိုင်ဖွင့်လှစ်ခဲ့ပါသည်။ ထောက်ပံ့ကူညီ ပေးခဲ့သည့် LATC အား CVT မှ လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

## DynEd Myanmar နှင့် နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးခြင်း

အင်္ဂလိပ်စာလေ့လာချင်သူများ အတွက် English သင်ခန်းစာကို Application မှ တဆင့် လွယ်ကူချောမွေ့စွာ သင်ယူနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ Authorized Agent ဖြစ်သော #DynEd Myanmar နှင့် #CVT တို့ ပူးပေါင်းသဘောတူညီချက်ကို ၂၀၂၄ ဖေဖော်ဝါရီလ ၂ ရက်နေ့ တွင် လက်မှတ်ရေးထိုးခဲ့ကြပြီး Neo Study Application ဖြင့် အသုံးပြုခြင်းဆိုင်ရာ အချက်အလက်များကို DynEd Myanmar မှ CVT members များသို့ ၂၇-၂-၂၀၂၄ နှင့် ၂၈-၂-၂၀၂၄ ရက်နေ့တွင် လာရောက်ဝေမျှပေးသွားပါသည်။







## Center for Vocational Training (CVT) နှင့် Myanmar Business Executives Association (MBE) တို့ နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးခြင်း

Center for Vocational Training (CVT) အနေဖြင့် Myanmar Business Executives Association (MBE) ပူးပေါင်း၍ CSR Activities များကို ပူးပေါင်းကူညီဆောင်ရွက်ခြင်း၊ အသက်မွေး ဝမ်းကြောင်းဆိုင်ရာ သင်တန်းများ နှင့် အလုပ်အကိုင်ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ SME ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ပူးပေါင်းဆောင်ရွက်ခြင်း၊ သုတေသနနှင့် သင်ရိုး ညွှန်းတမ်းများ ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့ကို ပူးပေါင်း ဆောင်ရွက်ရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် Chatrium Hotel Royal Lake Yangon ၌ နားလည်မှုစာချွန်လွှာ MoU လက်မှတ် ရေးထိုးခဲ့ကြပါသည်။

အဆိုပါအခမ်းအနားတွင် "CVT" ၏ အမှုဆောင်အရာရှိချုပ်ဒေါ်ခင်မြတ်စန္ဒာ နှင့် "MBE ၏ ဥက္ကဋ္ဌ ဦးမင်းဦးတို့မှ သဘောတူညီမှု လက်မှတ်ရေးထိုး ခဲ့ကြပြီး "CVT"၏ Director/Head MarCom and Fundraising ဒေါ်သွေးသွေးမောင် နှင့် "MBE" Collaboration and Strategic Partnership Committee ၏ ဥက္ကဋ္ဌ ဦးစည်သူအောင်တို့မှ အသိ သက်သေများအဖြစ်အောင်မြင်စွာလက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထို့နောက် အမှတ်တရ ဂုဏ်ပြုပစ္စည်းများ အပြန်အလှန် ပေးအပ်ခြင်း၊ အမှတ်တရ ဓါတ်ပုံများရိုက်ကူးခြင်းများ ပြုလုပ်ခဲ့ပြီး နောက် ညနေ (၄း၀၀) နာရီ အချိန်တွင် အခမ်းအနား အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။







## Center for Vocational Training (CVT) နှင့် Rotary Club of Yangon (RCY) တို့ နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးခြင်း

ပညာရေး၊ အလုပ်အကိုင်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးစေစနဲနှင့် ရပ်ရွာ လူထုအား ဝန်ဆောင်မှုများ ပေးဆောင်ရန် အပြန်အလှန်ပံ့ပိုးပေးသည့် ပရောဂျက်များကို အကောင်အထည်ဖော်ခြင်း စသည့်CSR Activities များကို ပူးပေါင်းကူညီ ဆောင်ရွက်ရန် ရည်ရွယ်၍ Center for Vocational Training (CVT) နှင့် Rotary Club of Yangon တို့ ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၉) ရက်နေ့ ညနေ (၅:၀၀) နာရီတွင် Chatrium Hotel Royal Lake Yangon ၌ နားလည်မှုစာချွန်လွှာ MoU လက်မှတ် ရေးထိုးခဲ့ကြပါသည်။






CVT မှ Chief Executive Officer ဒေါ်ခင်မြတ်စန္ဒာ ကိုယ်စား CVT ၏ ပြည်တွင်းဘုတ်အဖွဲ့ဝင် ဒေါ်ယဉ်ယဉ်အေး နှင့် Rotary Club of Yangon ၏ ဥက္ကဋ္ဌ ဦးတင်လတ်တို့ သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ကြပြီး CVT ၏ Director/Head MarCom and Fundraising ဒေါ်သွေးသွေးမောင် နှင့် Rotary Club of Yangon မှ Club Secretary ဒေါ်လင်းလင်းတင်ထွန်းတို့မှ အသိ သက်သေများအဖြစ်အောင်မြင်စွာလက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထို့နောက် အမှတ်တရ ဓါတ်ပုံများရိုက်ကူးခြင်းများ ပြုလုပ်ခဲ့ပြီးနောက် ညနေ (၆:၀၀) နာရီ အချိန်တွင် အခမ်းအနား အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

# International Certification of Digital Literacy (ICDL)










- ICDL Certificate သည် Europe, Americas, Africa and Asia ရှိ နိုင်ငံပေါင်း ၁၉၂ နိုင်ငံမှ အသိအမှတ်ပြုထားသည့်အတွက် ခိုင်မာတဲ့ နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ဖြစ်ပါသည်။
- ICDL သည် နိုင်ငံတကာအသိအမှတ်ပြု သင်ရိုးဖြင့် တက်ရောက်သင်ယူသူပေါင်း ၁၇ သန်းကျော်ကို certification ထုတ်ပေးထားသော အဖွဲ့အစည်းဖြစ်သည်။
- CVT သည် ICDL အသိအမှတ်ပြု Test Center တစ်ခုဖြစ်သည့်အပြင် ICDL Certified Trainer များနှင့် သင်ယူပြီး ICDL အသိအမှတ်ပြု စာမေးပွဲကို ဝင်ရောက်ဖြေဆိုနိုင်မည့် စာစစ်ဌာနတစ်ခု ဖြစ်ပါသည်။
- ICDL Workforce သင်ရိုးကို သင်ယူတက်မြောက်သူများအနေနှင့် မည်သည့် လုပ်ငန်းခွင်တွင်မဆို အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု ကွန်ပျူတာ တတ်ကျွမ်းမှု လက်မှတ်များဖြင့် လုပ်ငန်းများကို ပိုမိုမြန်ဆန်စွာ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

| ICDL Workforce | ICDL Professional | ICDL Insights | ICDL Digital Student | ICDL Digital Citizen |
| --- | --- | --- | --- | --- |

## OPERA Property Management System

- ☑ Opera PMS သင်တန်းသည် ပြည်တွင်းနှင့်ပြည်ပနိုင်ငံများရှိ နိုင်ငံတကာအဆင့်မှီ Hotel ကြီးများတွင် အများဆုံး အသုံးပြုသည့် Hotel Management System တစ်ခု ဖြစ်သည်။
- ☑ Hospitality နှင့် သက်ဆိုင်သော အလုပ်အကိုင်ရှာဖွေနေသူများ၊ Reservation, Front Desk, Housekeeping and Food & Beverage ဌာနများတွင် အလုပ်လုပ်လိုသူနှင့် အလုပ်ဝင်နေသူများ၊ တက်ရောက်သင့်သည့် သင်တန်းဖြစ်ပါသည်။




09 250 640 608
09 250 640 608
https://www.facebook.com/center.vocational.training
info@cvtmyanmar.com
http://www.cvtmyanmar.com

## Vocational သင်တန်းများ

### Artisan

- Electrician
- Furniture Technician
- Metal Technician

### IT & Langauge for Adults

- Adobe Photoshop
- Computer Literacy
- Advanced Excel
- ICDL Exam Preparation & Int'l Certificate

### IT & Langauge for Kids

- English for Starters, Movers, Flyers
- KET, PET, FCE
- Basic Computer Literacy

### Additional Trainings

- Occupational Safety & Health
- Soft skills, Life skills
- Sewing
- Trainings of Trainers
- Young Entrepreneurs for Myanmar (YE4M)